**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA/SSE/NM/၂၂/၂၀၂၄
ရက်စွဲ၊ ၂၀၂၄ ခုနှစ် ၊ ဇူလိုင်လ ၂၅ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းဌာနခွဲ ၏ (၂၅-၇-၂၀၂၄) ရက်စွဲပါ စာအမှတ်၊ ရညန/ရက/SURVEY/NM/၁၀၈၅

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ FV. MYAT MIN KYWE ၊ ON No-4936 ၊ ငါးဖမ်း (သစ်သားခွံ) ရေယာဉ်သည် (၂၂-၇-၂၀၂၄) ရက်နေ့တွင် အောက်ဖော်ပြပါတည်နေရာ၌ ရေယာဉ်နစ်မြုပ်ခဲ့ပါသည်။ ရေယာဉ်နစ်မြုပ်ရာတည်နေရာရှိ ရေအနက်မှာ ၁၆ မီတာခန့်ရှိပြီး ရေယာဉ်၏ရောမှ Main mast ထိပ်ဖျားအထိအမြင့်မှာ ၇.၁၆ မီတာ၊ ရေယာဉ်၏ အနံ ၆.၆၅ မီတာ ရှိသောကြောင့် အန္တရာယ်ကင်းသော အနည်းဆုံး ရေအနက်မှာ ၈.၈၄ မီတာခန့် ကျန်ရှိမည်ဖြစ်ပါသည်။

၂။ နစ်မြုပ်ရေယာဉ် တည်နေရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Latitude (N) | Longitude (E) |
|---|---|
| 15º 30.65′ | 095º 24.50′ |

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တည်နေရာအနီးတစ်ဝိုက်တွင် ဖြတ်သန်းသွားလာသော သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်း/ငါးသယ် ရေယာဉ် များနှင့် အပျော်စီး ခရီးသွားရေယာဉ်များအနေဖြင့် အဆိုပါတည်နေရာမှလွတ်ကင်းစွာ သတိပြုရှောင်ရှားမောင်းနှင်သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)